ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်

## ပျဉ်းမနားမြို့နယ် အစီရင်ခံစာ




ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
၂၀၁၇ ခုနှစ်၊ မေလ

# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်

# ပျဉ်းမနားမြို့နယ် အစီရင်ခံစာ


ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)

နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၃၁၀၆၂

www.dop.gov.mm

၂၀၁၇ ခုနှစ်၊ မေလ

# ပုံ (၁) - ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ မြို့နယ်များပြ မြေပုံ



ပျဉ်းမနားမြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များ [၁]

| | | |
|---|---|---|
| လူဦးရေစုစုပေါင်း | ၁၈၇,၅၆၅ [၂] | |
| ကျား ဦးရေ | ၉၀,၇၃၁ (၄၈.၄%) | |
| မ ဦးရေ | ၉၆,၈၃၄ (၅၁.၆%) | |
| မြို့ပြလူဦးရေရာခိုင်နှုန်း | ၃၈.၄% | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၁,၁၀၂.၈ [၃] | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၁၇၀.၁ ဦး | |
| အသက်အလယ်ကိန်း | ၂၆.၆ နှစ် | |
| | | |
| ရပ်ကွက် စုစုပေါင်း | ၆ | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၃၀ | |
| အိမ်ထောင်စုအရေအတွက် | ၃၉,၆၆၃ | |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၂၃.၉% | |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၅ ဦး [၄] | |
| | | |
| အသက်အပိုင်းအခြားအလိုက်လူဦးရေရာခိုင်နှုန်း | | |
| ကလေးဦးရေ (အသက် ၀ - ၁၄ နှစ်) | ၂၇.၈% | |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ - ၆၄ နှစ်) | ၆၆.၉% | |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၅.၃% | |
| | | |
| မှီခိုသူအချိုး | | |
| စုစုပေါင်းမှီခိုသူအချိုး | ၄၉.၄ | |
| ကလေးမှီခိုသူအချိုး | ၄၁.၆ | |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၇.၈ | |
| | | |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၁၈.၉ | |
| | | |
| ကျား/မ အချိုး | ၉၄ (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) | |
| | | |
| အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၅.၄% | |
| ကျား စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၇.၈% | |
| မ စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၃.၃% | |
| | | |
| မသန်စွမ်းသူဦးရေ | အရေအတွက် | ရာခိုင်နှုန်း |
| မသန်စွမ်းသူ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | ၈,၁၃၂ | ၄.၃ |
| လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | ၃,၂၄၂ | ၁.၇ |
| အမြင် | ၄,၅၀၂ | ၂.၄ |
| အကြား | ၂,၁၂၉ | ၁.၁ |
| သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း | ၂,၃၈၃ | ၁.၃ |
| | | |

| ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား (အသက် ၁၀ နှစ်နှင့်အထက်) | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံသားစိစစ်ရေးကတ် | ၁၁၆,၈၆၈ | ၇၆.၁ |
| ဧည့်နိုင်ငံသားကတ် | ၁၄၇ | ၀.၁ |
| နိုင်ငံသားပြုခွင့်ရသူကတ် | ၄၆၉ | ၀.၃ |
| အမျိုးသားမှတ်ပုံတင်ကတ် | ၁,၇၆၇ | ၁.၂ |
| သာသနာ၀င်ကတ် | ၉၆၆ | ၀.၆ |
| ယာယီသက်သေခံကတ် | ၁,၁၆၃ | ၀.၈ |
| နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် | ၄၆ | < ၀.၁ |
| နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် | ၃၆ | < ၀.၁ |
| မည်သည့်ကတ်မှမကိုင်ဆောင်သူ | ၃၂,၁၇၇ | ၂၀.၉ |

| လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၅ - ၆၄ နှစ်) | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| လုပ်သားအင်အားပါ၀င်နှုန်း | ၆၅.၄% | ၈၄.၇% | ၄၇.၅% |
| အလုပ်လက်မဲ့ရာခိုင်နှုန်း | ၄.၂% | ၄.၃% | ၄.၁% |
| အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုး | ၆၂.၇% | ၈၁.၁% | ၄၅.၆% |

| အိမ်ပိုင်ဆိုင်မှု | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ပိုင်ရှင် | ၃၀,၉၆၈ | ၇၈.၁ |
| အိမ်ငှား | ၄,၂၇၂ | ၁၀.၈ |
| အခမဲ့ (မိဘ/ယောက္ခမ/ဆွေမျိုး/မိတ်ဆွေ) | ၁,၆၀၀ | ၄.၀ |
| အစိုးရ၀န်ထမ်းအိမ်ရာ | ၂,၄၃၄ | ၆.၁ |
| ပုဂ္ဂလိက၀န်ထမ်းအိမ်ရာ | ၁၇၆ | ၀.၄ |
| အခြား | ၂၁၃ | ၀.၅ |

| နေအိမ်အဆောက်အအုံအတွက် အဓိကအသုံးပြုသည့်ပစ္စည်းများ | အကာ | အခင်း | အမိုး |
|---|---|---|---|
| ဓနိ/သက်ကယ်/အင်ဖက် | ၀.၉% | | ၁၅.၀% |
| ဝါး | ၆၇.၈% | ၂၄.၀% | ၀.၇% |
| မြေကြီး | ၀.၁% | ၂.၀% | |
| သစ်သား | ၁၃.၀% | ၅၇.၅% | ၀.၂% |
| သွပ် | ၀.၂% | | ၈၂.၃% |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၁၇.၂% | ၁၅.၆% | ၁.၃% |
| အခြား | ၀.၈% | ၁.၀% | ၀.၄% |

| အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၁၇,၁၀၄ | ၄၃.၁ |
| ဓာတ်ငွေ့ | ၃၉ | ၀.၁ |
| ရေနံဆီမီး | * | < ၀.၁ |
| ဘိုင်အိုဂက်စ် | ၂၆ | ၀.၁ |
| သစ်သား/ထင်း | ၁၃,၈၂၂ | ၃၄.၈ |
| မီးသွေး/လောင်စာတောင့် | ၈,၂၅၄ | ၂၀.၈ |

| | | |
|---|---|---|
| ကျောက်မီးသွေး | ၁၄၃ | ၀.၄ |
| အခြား | ၂၇၁ | ၀.၇ |
| | | |
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့်မီးအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| လျှပ်စစ်မီး | ၂၅,၉၉၂ | ၆၅.၅ |
| ရေနံဆီမီး | ၈၄ | ၀.၂ |
| ဖယောင်းတိုင်မီး | ၈,၄၄၆ | ၂၁.၃ |
| ဘက်ထရီမီး | ၂,၀၂၅ | ၅.၁ |
| မီးစက် (ပုဂ္ဂလိက) | ၁,၄၃၁ | ၃.၆ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | ၂၈၇ | ၀.၇ |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၈၉၂ | ၂.၂ |
| အခြား | ၅၀၆ | ၁.၃ |
| | | |
| သောက်ရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၂,၅၄၂ | ၆.၄ |
| အဝီစိတွင်း | ၁၄,၉၈၀ | ၃၇.၈ |
| ရေတွင်း (အုတ်စီ) | ၄,၉၅၈ | ၁၂.၅ |
| ရေသန့်စက်/ရေသန့်ဘူး | ၁၀,၉၉၄ | ၂၇.၇ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှု* | *၃၃,၄၇၄* | *၈၄.၄* |
| ရေတွင်း (အကာရံမဲ့) | ၃၃၂ | ၀.၉ |
| ရေကန် | ၂၄၁ | ၀.၆ |
| မြစ်/ချောင်း/တူးမြောင်း | ၁,၂၇၅ | ၃.၂ |
| တောင်ကျရေ/မိုးရေ | ၁,၉၈၈ | ၅.၀ |
| အခြား | ၂,၃၅၃ | ၅.၉ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှု* | *၆,၁၈၉* | *၁၅.၆* |
| | | |
| သုံးရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၂,၉၄၂ | ၇.၄ |
| အဝီစိတွင်း | ၁၄,၇၆၆ | ၃၇.၂ |
| ရေတွင်း (အုတ်စီ) | ၁၅,၃၆၈ | ၃၈.၇ |
| ရေတွင်း (အကာရံမဲ့) | ၆၁၈ | ၁.၆ |
| ရေကန် | ၂၄၁ | ၀.၆ |
| မြစ်/ချောင်း/တူးမြောင်း | ၁,၄၂၅ | ၃.၆ |
| တောင်ကျရေ/မိုးရေ | ၂,၀၀၆ | ၅.၁ |
| ရေသန့်စက်/ရေသန့်ဘူး | ၉၈ | ၀.၂ |
| အခြား | ၂,၁၉၉ | ၅.၅ |
| | | |

| အိမ်သာအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ရေဆွဲအိမ်သာ | ၉၄၉ | ၂.၄ |
| ရေလောင်း/ယင်လုံအိမ်သာ | ၃၂,၇၅၅ | ၈၂.၆ |
| *စုစုပေါင်းသန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၃၃,၇၀၄* | *၈၅.၀* |
| တွင်း/ဇလားအိမ်သာ | ၃,၅၈၄ | ၉.၀ |
| တွင်းမရှိအိမ်သာ | ၈၄ | ၀.၂ |
| အခြား | ၁၂၃ | ၀.၃ |
| အိမ်သာမရှိ | ၂,၁၆၈ | ၅.၅ |
| | | |
| ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ | အရေအတွက် | ရာခိုင်နှုန်း |
| ရေဒီယို | ၁၂,၅၀၃ | ၃၁.၅ |
| ရုပ်မြင်သံကြား | ၂၄,၁၃၈ | ၆၀.၉ |
| ကြိုးဖုန်း | ၂,၈၉၆ | ၇.၃ |
| လက်ကိုင်ဖုန်း | ၁၉,၁၂၀ | ၄၈.၂ |
| ကွန်ပျူတာ | ၁,၈၆၇ | ၄.၇ |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း | ၃,၇၅၃ | ၉.၅ |
| မည်သည့်ပစ္စည်းမျှမရှိသည့် အိမ်ထောင်စု | ၉,၂၁၉ | ၂၃.၂ |
| ပစ္စည်းအားလုံးရှိသည့် အိမ်ထောင်စု | ၂၇၀ | ၀.၇ |
| | | |
| သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှု အခြေအနေ | အရေအတွက် | ရာခိုင်နှုန်း |
| ကား/ထရပ်ကား/ဗင်န် | ၁,၉၄၄ | ၄.၉ |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၁၉,၄၇၄ | ၄၉.၁ |
| စက်ဘီး | ၁၈,၈၈၈ | ၄၇.၆ |
| (၄) ဘီးပါ ထော်လာဂျီ | ၂၈၇ | ၀.၇ |
| ကနူးလှေ၊ သမ္ဗာန် | ၇၉ | ၀.၂ |
| စက်လှေ၊ မော်တော်ဘုတ် | ၂၁ | ၀.၁ |
| လှည်း (ကျွဲ၊ နွား၊ မြင်း…… စသဖြင့်) | ၃,၃၁၁ | ၈.၃ |

မှတ်ချက်။ [၁] ပျဉ်းမနားမြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။

[၂] အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

[၃] ကျေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

[၄] အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

* အရေအတွက် (၂၀) ထက်နည်းပါသည်။

# မာတိကာ


နိဒါန်း ........................................................................................................ ၂

ပျဉ်းမနားမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ ............................................ ၄

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ........................................................... ၅

(ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ ............................................ ၁၀

(ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ .......................................................... ၁၁

(ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ .......................................................... ၁၅

(င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ ..................................................... ၂၁

(စ) မသန်စွမ်းမှုအကြောင်းအရာ ......................................................................... ၂၂

(ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ................................ ၂၅

နေအိမ်အမျိုးအစားများ ............................................................................ ၂၅

အိမ်သာအမျိုးအစားများ ............................................................................ ၂၆

သောက်ရေအမျိုးအစားများ ........................................................................ ၂၈

အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု ..................................................... ၃၀

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု ............................ ၃၂

ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု ................................ ၃၄

ပို့ဆောင်ရေးယာဉ် အမျိုးအစားများ ............................................................. ၃၆

(ဇ) မွေးဖွားခြင်းနှင့်သေဆုံးခြင်းအကြောင်းအရာ .................................................. ၃၇

မွေးဖွားခြင်းအကြောင်းအရာ ..................................................................... ၃၇

ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ .......... ၃၉

သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ ................................ ၄၁

ပျဉ်းမနားမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း ................................................ ၄၇

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ်ပေါင်း (၃၀) ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ် တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်ကောက်ယူခဲ့ပါသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသော ရင်းမြစ်တစ်ခုဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသော အရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ကောက်ယူရရှိသောအချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားပေါ် အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများစသည်တို့အတွက် အသုံးဝင်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများကို ၂၀၁၅ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပင်မအစီရင်ခံစာများတွင် ပြည်ထောင်စုအဆင့် အစီရင်ခံစာ၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၏ သန်းခေါင်စာရင်း အစီရင်ခံစာများ ပါဝင်ပါသည်။ အလုပ်အကိုင်နှင့်လုပ်ငန်း အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အစီရင်ခံစာများကို http://www.dop.gov.mm/ နှင့် http://myanmar.unfpa.org/node/15104 တို့တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာများသည် မြို့နယ်/မြို့နယ်ခွဲများ၏ သန်းခေါင်စာရင်း အစီရင်ခံစာများ ဖြစ်ပါသည်။ အစီရင်ခံစာများကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်

ပျမ်းမနားမြို့နယ်၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များပါဝင်ပါ သည်။ အစီရင်ခံစာပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ည သန်းခေါင်ယံ အချိန် (သန်းခေါင်စာရင်းည) တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။ မြို့နယ်အဆင့် အချက်အလက်များ သည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် မြို့နယ်အဆင့် ခန့်မှန်းတွက်ချက်မှုများ၏ တိကျမှန်ကန်မှုသည် ပြည်ထောင်စုအဆင့်နှင့် တူညီနိုင်မည်မဟုတ်ပေ။ လူဦးရေနည်းပါးသည့် မြို့နယ်များ၏ အချက်အလက် များကို လေ့လာဆန်းစစ်ရာတွင် သတိပြု၍လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။ တစ်နှစ်အောက်ကလေး သေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းကဲ့သို့သော ညွှန်ကိန်းများကို အခြားသောဆက်နွယ်မှုရှိသည့် အကြောင်းအရာအချက်အလက်များ ထည့်သွင်းစဉ်းစား၍ လေ့လာဆန်းစစ်သုံးသပ်ရပါမည်။ သို့ဖြစ်၍ လူဦးရေနည်းပါးသည့် မြို့နယ်များအတွက် သေဆုံးခြင်းဆိုင်ရာခန့်မှန်းတွက်ချက်မှုများကို အတိအကျ မယူဆသင့်ဘဲ ထိုမြို့နယ်များ၏ သေဆုံးခြင်းဆိုင်ရာအခြေအနေများအတွက် အထိုက်အလျောက်ပြဆိုသော ညွှန်ကိန်းများအဖြစ်ယူဆရပါမည်။ ထို့ပြင် မြို့နယ်အချင်းချင်းနှိုင်းယှဉ်ရာတွင်လည်း မည်သည့်မြို့နယ်သည် အ ခြေအနေ ပိုမိုကောင်းမွန်သည်၊ မည်သည့်မြို့နယ်သည် အားနည်းသည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

# ပျဉ်းမနားမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၁၈၇,၅၆၅* | | |
| ကျား ဦးရေ | ၉၀,၇၃၁ | | |
| မ ဦးရေ | ၉၆,၈၃၄ | | |
| ကျား/မ အချိုး | ၉၄ (မ ၁၀၀ ရှိ ကျား ဦးရေ) | | |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၃၈.၄% | | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၁,၁၀၂.၈** | | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၁၇၀.၁ ဦး | | |
| ရပ်ကွက် စုစုပေါင်း | ၆ | | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၃၀ | | |
| | စုစုပေါင်း | မြို့ပြ | ကျေးလက် |
| အိမ်ထောင်စုလူဦးရေ | ၁၇၇,၄၁၇ | ၆၆,၅၉၉ | ၁၁၀,၈၁၈ |
| အိမ်ထောင်စုအရေအတွက် | ၃၉,၆၆၃ | ၁၄,၄၅၆ | ၂၅,၂၀၇ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၅ ဦး*** | | |

- ပျဉ်းမနားမြို့နယ်တွင် မ ဦးရေသည် ကျား ဦးရေထက် အနည်းငယ်ပိုများပြီး မ (၁၀၀) ဦးတွင် ကျား (၉၄) ဦးရှိပါသည်။
- ပျဉ်းမနားမြို့နယ်တွင် လူအများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး (၃၈.၄) ရာခိုင်နှုန်းသာလျှင် မြို့ပြဒေသတွင် နေထိုင်ကြပါသည်။
- ပျဉ်းမနားမြို့နယ်၌ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၁၇၀) ဦး နေထိုင်ပါသည်။
- ပျဉ်းမနားမြို့နယ်တွင် အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလူဦးရေ (၄.၅) ဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေ (၄.၄) ဦးထက် အနည်းငယ်များပါသည်။

မှတ်ချက်။ * အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

** ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

*** အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

ဇယား (၁) - နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| | **စုစုပေါင်း** | **၃၉,၆၆၃** | **၁၈၇,၅၆၅** | **၉၀,၇၃၁** | **၉၆,၈၃၄** |
| | **မြို့ရပ်ကွက်များ** | **၁၄,၄၅၆** | **၇၂,၀၁၀** | **၃၄,၂၁၄** | **၃၇,၇၉၆** |
| ၁ | ရွာကောက် | ၆,၁၀၈ | ၃၀,၂၉၃ | ၁၄,၄၈၉ | ၁၅,၈၀၄ |
| ၂ | ရန်အောင် (၁) | ၁,၅၈၁ | ၈,၀၀၀ | ၃,၆၃၀ | ၄,၃၇၀ |
| ၃ | ရန်အောင် (၂) | ၂,၈၉၁ | ၁၃,၉၄၃ | ၆,၆၉၄ | ၇,၂၄၉ |
| ၄ | ရွှေချို | ၂,၀၉၆ | ၁၀,၀၈၁ | ၄,၆၀၄ | ၅,၄၇၇ |
| ၅ | မင်္ဂလာ | ၁,၂၁၆ | ၆,၃၂၄ | ၂,၉၃၉ | ၃,၃၈၅ |
| ၆ | ဘောဂဝတီ | ၅၆၄ | ၃,၃၆၉ | ၁,၈၅၈ | ၁,၅၁၁ |
| | **ကျေးရွာအုပ်စု** | **၂၅,၂၀၇** | **၁၁၅,၅၅၅** | **၅၆,၅၁၇** | **၅၉,၀၃၈** |
| ၁ | ကင်ပွန်းတန်း | ၂,၃၈၁ | ၁၀,၆၂၀ | ၅,၁၁၁ | ၅,၅၀၉ |
| ၂ | ကံဦး | ၁,၂၅၉ | ၅,၆၅၁ | ၂,၆၇၆ | ၂,၉၇၅ |
| ၃ | ကူးတို့ဆိပ် | ၁,၅၇၇ | ၇,၀၄၈ | ၃,၄၇၄ | ၃,၅၇၄ |
| ၄ | ကျီးအင်း | ၄၅၇ | ၁,၉၉၅ | ၉၈၈ | ၁,၀၀၇ |
| ၅ | ငကောင်းကန် | ၅၆၁ | ၂,၃၄၈ | ၁,၁၁၃ | ၁,၂၃၅ |
| ၆ | ကျွန်းဦး | ၄၀၀ | ၁,၇၀၁ | ၈၁၆ | ၈၈၅ |
| ၇ | ဆင်သေ | ၁,၀၉၇ | ၄,၆၅၇ | ၂,၁၉၁ | ၂,၄၆၆ |
| ၈ | ဇီးဖြူပင် | ၁,၁၁၀ | ၄,၅၃၂ | ၂,၂၃၂ | ၂,၃၀၀ |
| ၉ | ညောင်ပင်သာ | ၆၆၃ | ၃,၀၂၆ | ၁,၄၇၆ | ၁,၅၅၀ |
| ၁၀ | တောင်သာ | ၂,၇၅၉ | ၁၃,၅၇၀ | ၆,၃၈၆ | ၇,၁၈၄ |
| ၁၁ | နမ်းတော | ၂၀၃ | ၈၆၁ | ၃၉၂ | ၄၆၉ |
| ၁၂ | နတ်သူရဲ | ၁,၂၄၁ | ၅,၅၄၉ | ၂,၆၀၂ | ၂,၉၄၇ |
| ၁၃ | ပြူတွင်း | ၅၉၈ | ၂,၇၂၀ | ၁,၃၁၂ | ၁,၄၀၈ |
| ၁၄ | ပျဉ်းမနားဟောင်း | ၄၅၁ | ၁,၈၃၂ | ၈၆၇ | ၉၆၅ |
| ၁၅ | ယောက်သွားအင်း | ၇၄၇ | ၃,၆၆၆ | ၁,၇၅၆ | ၁,၉၁၀ |
| ၁၆ | ရွာသာ | ၆၇၁ | ၂,၉၄၄ | ၁,၄၃၁ | ၁,၅၁၃ |
| ၁၇ | ရွာသစ် | ၄၈၀ | ၁,၉၄၈ | ၉၆၁ | ၉၈၇ |
| ၁၈ | လဲလူးအိုင် | ၆၁၉ | ၂,၇၇၁ | ၁,၃၂၂ | ၁,၄၄၉ |
| ၁၉ | သစ်လေးလုံး | ၁,၁၆၃ | ၄,၇၁၇ | ၂,၂၈၀ | ၂,၄၃၇ |
| ၂၀ | သနပ်ပင်ဆိပ် | ၄၀၂ | ၁,၈၅၁ | ၈၉၉ | ၉၅၂ |

ဇယား (၁) - နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း (အဆက်)

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| ၂၁ | မယ်ဇလီကုန်း | ၁၆၂ | ၅၉၉ | ၃၀၃ | ၂၉၆ |
| ၂၂ | ဥယျာဉ်စု | ၂,၁၃၁ | ၁၀,၁၆၀ | ၄,၉၆၈ | ၅,၁၉၂ |
| ၂၃ | ကိုးတစ် | ၁၉၃ | ၈၆၆ | ၄၅၄ | ၄၁၂ |
| ၂၄ | ဘန့်ဘား | ၃၄၁ | ၁,၅၂၁ | ၈၃၇ | ၆၈၄ |
| ၂၅ | သစ်တွန် | ၁,၃၄၀ | ၆,၅၃၉ | ၃,၃၉၇ | ၃,၁၄၂ |
| ၂၆ | ပြည်တောင်ကိုး | ၇၅၆ | ၄,၅၆၃ | ၂,၅၀၇ | ၂,၀၅၆ |
| ၂၇ | ဘို့မ | ၂၀၈ | ၁,၂၇၀ | ၇၁၉ | ၅၅၁ |
| ၂၈ | မဲပေါက် | ၃၃၅ | ၁,၇၂၆ | ၉၆၃ | ၇၆၃ |
| ၂၉ | အလယ်ချောင်း | ၄၃၉ | ၂,၄၆၆ | ၁,၂၃၀ | ၁,၂၃၆ |
| ၃၀ | သကြားစက် | ၄၆၃ | ၁,၈၃၈ | ၈၅၄ | ၉၈၄ |

### ပုံ (၂) - အသက်အုပ်စုကြီးများအလိုက်လူဦးရေ




### ဇယား (၂) - ပျဉ်းမနားမြို့နယ်၏ အသက်အုပ်စုအလိုက် လူဦးရေ

| အသက်အုပ်စု | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| စုစုပေါင်း | ၁၈၇,၅၆၅ | ၉၀,၇၃၁ | ၉၆,၈၃၄ |
| ၀ - ၄ | ၁၆,၀၉၇ | ၈,၂၂၄ | ၇,၈၇၃ |
| ၅ - ၉ | ၁၇,၈၂၉ | ၈,၉၅၈ | ၈,၈၇၁ |
| ၁၀ - ၁၄ | ၁၈,၂၆၉ | ၉,၄၁၆ | ၈,၈၅၃ |
| ၁၅ - ၁၉ | ၁၇,၅၀၇ | ၈,၉၂၀ | ၈,၅၈၇ |
| ၂၀ - ၂၄ | ၁၈,၁၀၃ | ၈,၈၃၆ | ၉,၂၆၇ |
| ၂၅ - ၂၉ | ၁၇,၆၉၃ | ၈,၇၃၅ | ၈,၉၅၈ |
| ၃၀ - ၃၄ | ၁၆,၀၇၀ | ၈,၀၁၁ | ၈,၀၅၉ |
| ၃၅ - ၃၉ | ၁၃,၀၈၈ | ၆,၃၄၅ | ၆,၇၄၃ |
| ၄၀ - ၄၄ | ၁၁,၄၄၉ | ၅,၃၅၆ | ၆,၀၉၃ |
| ၄၅ - ၄၉ | ၁၀,၄၃၄ | ၄,၇၇၆ | ၅,၆၅၈ |
| ၅၀ - ၅၄ | ၈,၇၄၄ | ၄,၀၃၀ | ၄,၇၁၄ |
| ၅၅ - ၅၉ | ၇,၃၂၁ | ၃,၂၁၅ | ၄,၁၀၆ |
| ၆၀ - ၆၄ | ၅,၁၀၉ | ၂,၁၉၅ | ၂,၉၁၄ |
| ၆၅ - ၆၉ | ၃,၆၇၆ | ၁,၄၉၁ | ၂,၁၈၅ |
| ၇၀ - ၇၄ | ၂,၂၃၈ | ၈၈၃ | ၁,၃၅၅ |
| ၇၅ - ၇၉ | ၁,၈၉၈ | ၇၀၀ | ၁,၁၉၈ |
| ၈၀ - ၈၄ | ၁,၁၇၇ | ၃၉၇ | ၇၈၀ |
| ၈၅ - ၈၉ | ၅၈၉ | ၁၇၈ | ၄၁၁ |
| ၉၀ + | ၂၇၄ | ၆၅ | ၂၀၉ |

- ပျဉ်းမနားမြို့နယ်တွင် အသက် (၁၅) နှစ်မှ (၆၄) နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ (၆၆.၉) ရာခိုင်နှုန်းရှိပါသည်။
- အသက် (၁၄) နှစ်နှင့်အောက် ကလေးအချိုးနှင့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို အချိုးစုစုပေါင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးထက် နည်းပါသည်။
- ကလေးအချိုးနှင့် သက်ကြီးရွယ်အိုအချိုးနည်းခြင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအပေါ် မှီခိုမှုကို လျော့နည်းစေပါသည်။

ပုံ (၃) - လူဦးရေပိရမစ် (ပြည်ထောင်စု၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်)













- အသက် (၂၅-၂၉) အုပ်စုမှ စတင်၍ လူဦးရေလျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ အသက် (၁၀-၁၄) အုပ်စုသည် လူဦးရေ အများဆုံးဖြစ်သည်ကို တွေ့ရှိပါသည်။
- ပြည်ထောင်စုနှင့်နှိုင်းယှဉ်လျှင် ပျဉ်းမနားမြို့နယ်တွင် အလုပ်လုပ်နိုင်သည့် အသက် (၁၅-၆၄) အုပ်စု၏ရာခိုင်နှုန်းတွင် အနည်းငယ်မြင့်ကြောင်း တွေ့ရှိရပါသည်။
- အသက်အုပ်စု (၂၀-၂၄) မှစ၍ အသက်အုပ်စုတိုင်းတွင် ကျား ဦးရေသည် မ ဦးရေထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

## (ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ




- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူ (၈၇.၉) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ (၆.၂) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ (၄.၃) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ (၀.၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၀.၈) ရာခိုင်နှုန်း၊ အခြားဘာသာ ကိုးကွယ်သူ (၀.၂) ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှ မကိုးကွယ်သူ (၀.၁) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- နေပြည်တော်တွင် ဗုဒ္ဓဘာသာ (၉၆.၈) ရာခိုင်နှုန်း၊ ခရစ်ယာန် (၁.၁) ရာခိုင်နှုန်းနှင့် အစ္စလာမ် (၂.၁) ရာခိုင်နှုန်းရှိပြီး ဟိန္ဒူ၊ နတ်ကိုးကွယ်မှု၊ အခြားဘာသာနှင့် ဘာသာမရှိသူများသည် (၀.၁) ရာခိုင်နှုန်းထက် လျော့နည်းပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ

ဇယား (၃) - အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း လူဦးရေနှင့် ကျောင်းတက်နေသူအရေအတွက်ကို ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက် | လူဦးရေ | | | ကျောင်းတက်နေသူ | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၅ | ၃,၃၆၂ | ၁,၆၆၄ | ၁,၆၉၈ | ၉၅၀ | ၄၃၉ | ၅၁၁ |
| ၆ | ၃,၆၀၅ | ၁,၈၃၇ | ၁,၇၇၈ | ၂,၆၆၃ | ၁,၃၃၉ | ၁,၃၂၄ |
| ၇ | ၃,၇၃၀ | ၁,၈၈၄ | ၁,၈၄၇ | ၃,၁၂၅ | ၁,၅၆၉ | ၁,၅၅၆ |
| ၈ | ၃,၅၅၂ | ၁,၇၅၆ | ၁,၇၉၆ | ၂,၉၈၃ | ၁,၄၈၂ | ၁,၅၀၁ |
| ၉ | ၃,၂၈၄ | ၁,၆၀၄ | ၁,၆၇၀ | ၂,၇၇၀ | ၁,၃၇၁ | ၁,၃၉၉ |
| ၁၀ | ၃,၄၂၅ | ၁,၇၃၅ | ၁,၆၉၀ | ၂,၈၃၅ | ၁,၄၅၂ | ၁,၃၈၃ |
| ၁၁ | ၃,၁၁၃ | ၁,၅၇၄ | ၁,၅၃၉ | ၂,၅၄၆ | ၁,၂၇၈ | ၁,၂၆၈ |
| ၁၂ | ၃,၅၅၉ | ၁,၇၂၃ | ၁,၈၃၆ | ၂,၇၂၉ | ၁,၃၃၆ | ၁,၃၉၃ |
| ၁၃ | ၃,၆၅၃ | ၁,၇၇၈ | ၁,၈၇၅ | ၂,၅၆၀ | ၁,၂၄၁ | ၁,၃၁၉ |
| ၁၄ | ၃,၅၂၅ | ၁,၇၃၆ | ၁,၇၈၉ | ၂,၁၅၆ | ၁,၀၆၇ | ၁,၀၈၉ |
| ၁၅ | ၃,၁၀၈ | ၁,၅၆၂ | ၁,၅၄၆ | ၁,၅၇၄ | ၇၆၁ | ၈၁၃ |
| ၁၆ | ၃,၀၃၀ | ၁,၄၇၅ | ၁,၅၅၅ | ၁,၁၅၇ | ၅၃၆ | ၆၂၁ |
| ၁၇ | ၃,၁၂၄ | ၁,၅၁၃ | ၁,၆၁၁ | ၉၄၀ | ၄၁၆ | ၅၂၄ |
| ၁၈ | ၃,၅၀၀ | ၁,၇၀၇ | ၁,၇၉၃ | ၇၄၀ | ၃၃၁ | ၄၀၉ |
| ၁၉ | ၃,၀၆၃ | ၁,၄၇၁ | ၁,၅၉၂ | ၅၈၁ | ၂၇၁ | ၃၁၀ |
| ၂၀ | ၃,၆၇၃ | ၁,၇၂၅ | ၁,၉၄၈ | ၃၈၂ | ၁၈၀ | ၂၀၂ |
| ၂၁ | ၃,၀၅၀ | ၁,၄၂၀ | ၁,၆၃၀ | ၂၄၅ | ၁၂၈ | ၁၁၇ |
| ၂၂ | ၃,၂၀၈ | ၁,၅၃၉ | ၁,၆၆၉ | ၁၄၀ | ၆၇ | ၇၃ |
| ၂၃ | ၃,၀၈၆ | ၁,၄၃၅ | ၁,၆၅၁ | ၉၁ | ၅၀ | ၄၁ |
| ၂၄ | ၃,၀၅၅ | ၁,၃၉၇ | ၁,၆၅၈ | ၆၆ | ၂၈ | ၃၈ |
| ၂၅ | ၃,၆၄၅ | ၁,၇၁၆ | ၁,၉၂၉ | ၅၅ | ၂၇ | ၂၈ |
| ၂၆ | ၂,၉၆၂ | ၁,၃၈၁ | ၁,၅၈၁ | ၃၈ | ၂၁ | ၁၇ |
| ၂၇ | ၃,၁၅၀ | ၁,၅၃၀ | ၁,၆၂၀ | ၂၈ | ၁၇ | ၁၁ |
| ၂၈ | ၃,၃၇၆ | ၁,၆၂၉ | ၁,၇၄၇ | ၂၉ | ၁၆ | ၁၃ |
| ၂၉ | ၃,၀၁၁ | ၁,၄၄၉ | ၁,၅၆၂ | ၂၄ | ၁၃ | ၁၁ |







- ပျဥ်းမနားမြို့နယ်၌ ယောကျ်ားလေးများသည် အသက် (၁၀) နှစ်နှင့် မိန်းကလေးများသည် အသက် (၁၂) နှစ်အရွယ်မှ စတင်၍ ကျောင်းတက်ရောက်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိရပါသည်။
- ပြည်ထောင်စုနှင့် နှိုင်းယှဥ်ရာတွင် ပျဥ်းမနားမြို့နယ်မှ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုနှုန်းသည် အသက် (၂၂) နှစ်ကျော်တွင် အနည်းငယ်ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။

## ပုံ (၇) - နေပြည်တော်၏ စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်)




**ညွှန်ပြချက်**

စာတတ်မြောက်မှု (%)

- ၉၁ – ၉၄
- ၉၅ – ၉၆
- ၉၇ – ၉၈
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၈၉.၅% |
| နေပြည်တော် | - ၉၄.၄% |
| ဒက္ခိဏခရိုင် | - ၉၅.၃% |
| ပျဉ်းမနားမြို့နယ် | - ၉၅.၄% |

## ဇယား (၄) - ပျဉ်းမနားမြို့နယ်၏ လူငယ်လူရွယ် (၁၅-၂၄) စာတတ်မြောက်မှုရာခိုင်နှုန်း

| ကျား/မ | စုစုပေါင်း လူဦးရေ (၁၅ - ၂၄) | စာတတ်မြောက်မှု ရာခိုင်နှုန်း (၁၅ - ၂၄) |
|---|---|---|
| စုစုပေါင်း | ၃၁,၈၉၇ | ၉၇.၅ |
| ကျား | ၁၅,၂၄၄ | ၉၈.၀ |
| မ | ၁၆,၆၅၃ | ၉၆.၉ |

- ပျဉ်းမနားမြို့နယ်၏ အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၉၅.၄) ရာခိုင်နှုန်းဖြစ်ပြီး နေပြည်တော်၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၉၄.၄) နှင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၈၉.၅) ထက်မြင့်ပါသည်။ မ စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၃.၃) ဖြစ်ပြီး ကျား စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၇.၈) ဖြစ်ပါသည်။
- ပျဉ်းမနားမြို့နယ်၏ အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း လူငယ်လူရွယ်စာတတ်မြောက်မှု ရာခိုင်နှုန်းသည် (၉၇.၅) ဖြစ်ပါသည်။ မ လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၆.၉) ဖြစ်ပြီး ကျား လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၈.၀) ဖြစ်ပါသည်။

## ဇယား (၅) - အသက် (၂၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား

| | စုစုပေါင်း | အတန်းမရှိ | လုံးဝ ကျောင်းမနေဘူးသူ ရာခိုင်နှုန်း | မူလတန်း | | အလယ်တန်း (၅ တန်းမှ ၈ တန်းထိ) | အထက်တန်း (၉ တန်းမှ ၁၀ တန်းထိ) | ဒီပလိုမာ | တက္ကသိုလ်/ ကောလိပ် | ဘွဲ့လွန်နှင့် အထက် | အသက်မွေးဝမ်းကျောင်း သင်တန်း | အခြား |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သူငယ်တန်းမှ ၃ တန်းထိ | ၄ တန်း | | | | | | | |
| စုစုပေါင်း | ၉၉,၇၆၀ | ၆,၇၄၄ | ၆.၈ | ၂၀,၈၅၉ | ၁၇,၅၂၅ | ၂၄,၀၆၀ | ၁၄,၆၇၁ | ၆၂၉ | ၁၃,၀၆၂ | ၃၆၄ | ၁၉၄ | ၆၅၁ |
| မြို့ပြ | ၄၀,၅၈၁ | ၁,၇၈၃ | ၄.၄ | ၅,၃၃၂ | ၄,၅၂၅ | ၁၀,၆၁၅ | ၈,၅၂၀ | ၃၇၅ | ၉,၀၀၁ | ၂၁၈ | ၁၀၄ | ၁၀၈ |
| ကျေးလက် | ၅၉,၁၇၉ | ၄,၉၆၁ | ၈.၄ | ၁၆,၅၂၇ | ၁၃,၀၀၀ | ၁၃,၄၄၆ | ၆,၁၅၁ | ၂၅၄ | ၄,၀၆၁ | ၁၄၆ | ၉၀ | ၅၄၃ |
| ကျား | ၄၆,၃၇၇ | ၁,၇၁၂ | ၃.၇ | ၈,၀၃၄ | ၈,၁၃၉ | ၁၃,၃၁၉ | ၈,၁၈၁ | ၄၇၆ | ၅,၉၁၅ | ၁၈၀ | ၁၄၃ | ၂၇၈ |
| မ | ၅၃,၃၈၃ | ၅,၀၃၂ | ၉.၄ | ၁၃,၈၂၅ | ၉,၃၈၆ | ၁၀,၇၄၂ | ၆,၄၉၀ | ၁၅၃ | ၇,၁၄၇ | ၁၈၄ | ၅၁ | ၃၇၃ |

- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၆.၈) ရာခိုင်နှုန်းသည် လုံးဝ ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် ကျေးလက်လူဦးရေ၏ (၈.၄) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူး သူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် အမျိုးသားများ၏ (၃.၇) ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ (၉.၄) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူးသူများဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၁၇.၆) ရာခိုင်နှုန်းသည် မူလတန်းအဆင့် (၄ တန်း) ပြီးစီး အောင်မြင်သူများဖြစ်ပြီး တက္ကသိုလ်/ကောလိပ်အဆင့်ပြီးစီးသူမှာ (၁၃.၁) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ

ဇယား (၆) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းနှင့် အလုပ်လက်မဲ့ရာခိုင်နှုန်းတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လုပ်သားအင်အားပါဝင်နှုန်း | | | အလုပ်လက်မဲ့ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁၀-၁၄ | ၇.၅ | ၈.၂ | ၆.၇ | ၁၅.၀ | ၁၇.၁ | ၁၂.၂ |
| ၁၅ - ၁၉ | ၄၉.၂ | ၅၈.၃ | ၃၉.၇ | ၁၁.၃ | ၁၂.၆ | ၉.၅ |
| ၂၀ - ၂၄ | ၇၁.၉ | ၈၇.၂ | ၅၇.၂ | ၈.၄ | ၇.၆ | ၉.၆ |
| ၂၅ - ၂၉ | ၇၃.၅ | ၉၃.၀ | ၅၄.၄ | ၄.၃ | ၄.၃ | ၄.၂ |
| ၃၀ - ၃၄ | ၇၂.၁ | ၉၃.၈ | ၅၀.၅ | ၃.၀ | ၃.၁ | ၂.၇ |
| ၃၅ - ၃၉ | ၇၁.၅ | ၉၃.၆ | ၅၀.၇ | ၂.၀ | ၂.၂ | ၁.၆ |
| ၄၀ - ၄၄ | ၇၀.၀ | ၉၃.၄ | ၄၉.၅ | ၁.၅ | ၁.၈ | ၁.၀ |
| ၄၅ - ၄၉ | ၆၈.၀ | ၉၁.၇ | ၄၈.၀ | ၁.၂ | ၁.၆ | ၀.၆ |
| ၅၀ - ၅၄ | ၆၂.၂ | ၈၆.၅ | ၄၁.၅ | ၀.၈ | ၁.၁ | ၀.၃ |
| ၅၅ - ၅၉ | ၅၆.၂ | ၈၀.၈ | ၃၆.၉ | ၀.၈ | ၀.၉ | ၀.၅ |
| ၆၀ - ၆၄ | ၃၇.၃ | ၅၆.၆ | ၂၂.၇ | ၀.၅ | ၀.၇ | ၀.၂ |
| ၆၅ - ၆၉ | ၂၆.၁ | ၄၀.၅ | ၁၆.၃ | ၀.၁ | ၀.၂ | - |
| ၇၀ - ၇၄ | ၁၃.၉ | ၂၀.၆ | ၉.၅ | - | - | - |
| ၇၅ + | ၈.၇ | ၁၄.၈ | ၅.၆ | ၀.၉ | ၀.၅ | ၁.၄ |
| ၁၅ နှစ်မှ ၂၄ နှစ် | ၆၀.၇ | ၇၂.၇ | ၄၈.၈ | ၉.၆ | ၉.၆ | ၉.၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | ၆၅.၄ | ၈၄.၇ | ၄၇.၅ | ၄.၂ | ၄.၃ | ၄.၁ |







- ပျဉ်းမနားမြို့နယ်၏ အသက် (၁၅-၆၄) နှစ်အုပ်စုတွင် လုပ်သားအင်အားပါဝင်နှုန်းမှာ (၆၅.၄) ရာခိုင်နှုန်းရှိပါသည်။
- အမျိုးသမီး လုပ်သားအင်အားပါဝင်နှုန်းသည် (၄၇.၅) ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သားအင်အားပါဝင်နှုန်း (၈၄.၇) ရာခိုင်နှုန်းထက် သိသာစွာလျော့နည်းသည်ကို တွေ့ရှိရပါသည်။
- ပျဉ်းမနားမြို့နယ်၏ အသက် (၁၀-၁၄) နှစ်အုပ်စုတွင် အလုပ်လုပ်သောကလေး (၇.၅) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- အသက် (၁၅-၆၄) နှစ်အုပ်စု၏ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ (၄.၂) ဖြစ်ပါသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ကျား (၄.၃) ရာခိုင်နှုန်း နှင့် မ (၄.၁) ရာခိုင်နှုန်းအသီးသီးရှိကြပြီး ကျား မ ကွာခြားမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း အမျိုးသမီးငယ်များ၏ အလုပ်လက်မဲ့နှုန်းမှာ (၉.၅) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇) - အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သောလူဦးရေကို အမျိုးအစားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| ကျား/မ | လုပ်သားအင်အားစုတွင် မပါဝင်သူ | | | | | | |
|---|---|---|---|---|---|---|---|
| | စုစုပေါင်း | အလုပ်မရှာခဲ့ပါ | အချိန်ပြည့် ကျောင်းတက်သော ကျောင်းသား | အိမ်မှုကိစ္စလုပ် | အငြိမ်းစား၊ သက်ကြီးရွယ်အို | ဖျားနာသူ၊ မသန်စွမ်းသူ | အခြား |
| စုစုပေါင်း | ၆၈,၅၁၈ | ၀.၉ | ၃၂.၃ | ၄၃.၀ | ၁၂.၉ | ၁.၅ | ၉.၄ |
| ကျား | ၂၀,၆၀၀ | ၂.၂ | ၅၃.၇ | ၅.၁ | ၁၈.၂ | ၂.၈ | ၁၈.၀ |
| မ | ၄၇,၉၁၈ | ၀.၄ | ၂၃.၀ | ၅၉.၃ | ၁၀.၆ | ၁.၀ | ၅.၇ |

- အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သူများ၌ အမျိုးသားများ၏ (၅၃.၇) ရာခိုင်နှုန်းသည် အချိန်ပြည့်ကျောင်းတက်နေသူများဖြစ်ကြပြီး အမျိုးသမီးများ၏ (၅၉.၃) ရာခိုင်နှုန်းသည် အိမ်မှုကိစ္စလုပ်ကိုင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ဇယား (၈) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို အလုပ်အကိုင်အမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| အလုပ်အကိုင်အမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၇၂,၂၁၇** | **၄၄,၄၀၄** | **၂၇,၈၁၃** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| မန်နေဂျာများ | ၆၀၁ | ၄၁၈ | ၁၈၃ | ၀.၈ | ၀.၉ | ၀.၇ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၂,၁၁၀ | ၆၅၉ | ၁,၄၅၁ | ၂.၉ | ၁.၅ | ၅.၂ |
| နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်များ | ၂,၃၄၈ | ၁,၆၁၅ | ၇၃၃ | ၃.၃ | ၃.၆ | ၂.၆ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၃,၄၃၂ | ၁,၈၉၀ | ၁,၅၄၂ | ၄.၈ | ၄.၃ | ၅.၅ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၁၈,၂၉၈ | ၈,၀၄၆ | ၁၀,၂၅၂ | ၂၅.၃ | ၁၈.၁ | ၃၆.၉ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၁၃,၄၁၆ | ၉,၁၉၂ | ၄,၂၂၄ | ၁၈.၆ | ၂၀.၇ | ၁၅.၂ |
| လက်မှုပညာနှင့်ဆက်စပ် လုပ်ငန်း အလုပ်သမားများ | ၉,၆၂၇ | ၇,၅၁၂ | ၂,၁၁၅ | ၁၃.၃ | ၁၆.၉ | ၇.၆ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများနှင့် စုစည်းတပ်ဆင်သူများ | ၄,၃၇၁ | ၄,၁၆၂ | ၂၀၉ | ၆.၁ | ၉.၄ | ၀.၈ |
| အခြေခံအလုပ်သမားများ | ၁၃,၅၈၈ | ၈,၇၈၀ | ၄,၈၀၈ | ၁၈.၈ | ၁၉.၈ | ၁၇.၃ |
| အခြား | - | - | - | - | - | - |
| မသိ/မဖြေ | ၄,၄၂၆ | ၂,၁၃၀ | ၂,၂၉၆ | ၆.၁ | ၄.၈ | ၈.၃ |

ပုံ (၁၀) - ပြည်ထောင်စု၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ် အတွင်းရှိ ကျား/မ အလိုက် အလုပ်အကိုင်အမျိုးအစား




- ပျဉ်းမနားမြို့နယ်တွင် အသက် (၁၅-၆၄) နှစ်အုပ်စုရှိ အလုပ်ရှိသူ (၂၅.၃) ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများဖြစ်ကြပြီး ဒုတိယအများဆုံးမှာ အခြေခံအလုပ်သမားများ (၁၈.၈) ရာခိုင်နှုန်းဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၂၀.၇) ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများဖြစ်ကြပြီး၊ မ ဦးရေ (၃၆.၉) ရာခိုင်နှုန်းသည် ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- နေပြည်တော်တွင် ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများမှာ (၁၄.၁) ရာခိုင်နှုန်းဖြစ်ပြီး အခြေခံအလုပ်သမားများမှာ (၂၁.၈) ရာခိုင်နှုန်းဖြစ်ပါသည်။

## ဇယား (၉) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို လုပ်ကိုင်သောလုပ်ငန်းအမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| လုပ်ငန်းအမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | ၇၂,၂၁၇ | ၄၄,၄၀၄ | ၂၇,၈၁၃ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၁၈,၅၆၀ | ၁၂,၂၈၉ | ၆,၂၇၁ | ၂၅.၇ | ၂၇.၇ | ၂၂.၅ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၆၈ | ၅၂ | ၁၆ | ၀.၁ | ၀.၁ | ၀.၁ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၃,၇၅၉ | ၂,၄၂၇ | ၁,၃၃၂ | ၅.၂ | ၅.၅ | ၄.၈ |
| လျှပ်စစ်၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၃၇၁ | ၃၅၁ | ၂၀ | ၀.၅ | ၀.၈ | ၀.၁ |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး စီမံခန့်ခွဲမှုလုပ်ငန်း | ၂၉၇ | ၂၃၃ | ၆၄ | ၀.၄ | ၀.၅ | ၀.၂ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၃,၉၀၉ | ၃,၄၈၈ | ၄၂၁ | ၅.၄ | ၇.၉ | ၁.၅ |
| လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) | ၁၂,၃၆၂ | ၅,၈၆၉ | ၆,၄၉၃ | ၁၇.၁ | ၁၃.၂ | ၂၃.၃ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများ | ၅,၃၅၁ | ၅,၂၂၀ | ၁၃၁ | ၇.၄ | ၁၁.၈ | ၀.၅ |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ | ၇,၄၅၈ | ၃,၀၉၂ | ၄,၃၆၆ | ၁၀.၃ | ၇.၀ | ၁၅.၇ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ | ၂၆၃ | ၁၆၇ | ၉၆ | ၀.၄ | ၀.၄ | ၀.၃ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | ၂၅၂ | ၉၉ | ၁၅၃ | ၀.၃ | ၀.၂ | ၀.၆ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၃၄ | ၂၂ | ၁၂ | * | * | * |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | ၁၉၇ | ၁၁၇ | ၈၀ | ၀.၃ | ၀.၃ | ၀.၃ |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာလုပ်ငန်းများ | ၁,၆၉၄ | ၁,၀၇၂ | ၆၂၂ | ၂.၃ | ၂.၄ | ၂.၂ |
| ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) | ၄,၀၅၈ | ၂,၇၆၈ | ၁,၂၉၀ | ၅.၆ | ၆.၂ | ၄.၆ |
| ပညာရေးဆိုင်ရာလုပ်ငန်းများ | ၁,၃၅၈ | ၂၃၄ | ၁,၁၂၄ | ၁.၉ | ၀.၅ | ၄.၀ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၅၃၅ | ၂၁၄ | ၃၂၁ | ၀.၇ | ၀.၅ | ၁.၂ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလုပ်ငန်းများ | ၂၄၂ | ၁၈၈ | ၅၄ | ၀.၃ | ၀.၄ | ၀.၂ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၄,၀၄၅ | ၂,၄၅၆ | ၁,၅၈၉ | ၅.၆ | ၅.၅ | ၅.၇ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၁,၀၇၈ | ၅၉၈ | ၄၈၀ | ၁.၅ | ၁.၃ | ၁.၇ |
| သံတမန်အခွင့်အရေးရအဖွဲ့အစည်းများ၏လုပ်ငန်းများ | ၁ | - | ၁ | * | - | * |
| အလုပ်အကိုင်အမျိုးအစားဖော်ပြထားခြင်းမရှိသောလုပ်ငန်းများ | ၆,၃၂၅ | ၃,၄၄၈ | ၂,၈၇၇ | ၈.၈ | ၇.၈ | ၁၀.၃ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

**ပုံ (၁၁) - ပြည်ထောင်စု၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ် အတွင်းရှိ ကျား/မ အလိုက် လုပ်ကိုင်သော လုပ်ငန်းအမျိုးအစား**




- ပျဉ်းမနားမြို့နယ်၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် အများဆုံးလုပ်ကိုင်ကြပြီး (၂၅.၇) ရာခိုင်နှုန်းရှိပါသည်။
- လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့်မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်း အပါအဝင်) လုပ်ငန်းတွင် ဒုတိယအများဆုံးလုပ်ကိုင်ကြပြီး (၁၇.၁) ရာခိုင်နှုန်းရှိပါသည်။
- လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူ အမျိုးသား (၂၇.၇) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၂၂.၅) ရာခိုင်နှုန်းရှိပါသည်။
- နေပြည်တော်၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၄၂.၆) ရာခိုင်နှုန်း ရှိပြီး လက်လီနှင့်လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့်မော်တော်ဆိုင် ကယ်ပြုပြင်ခြင်း လုပ်ငန်းအပါအဝင်) လုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၉.၈) ရာခိုင်နှုန်းရှိပါသည်။

## (င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ

### ဇယား (၁၀) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား

| | နိုင်ငံသား စိစစ်ရေးကတ် | ဧည့်နိုင်ငံသား ကတ် | နိုင်ငံသား ပြုခွင့် ရသူကတ် | အမျိုးသား မှတ်ပုံတင် ကတ် | သာသနာ့ဝင် ကတ် | ယာယီ သက်သေခံ ကတ် | နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသား နိုင်ငံကူး လက်မှတ် | မည်သည့် ကတ်မှမကိုင် ဆောင်သူ |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၁၁၆,၈၆၈ | ၁၄၇ | ၄၆၉ | ၁,၇၆၇ | ၉၆၆ | ၁,၁၆၃ | ၄၆ | ၃၆ | ၃၂,၁၇၇ |
| မြို့ပြ | ၄၈,၁၃၄ | ၁၀၅ | ၂၇၈ | ၃၉၆ | ၅၇၁ | ၇၃၀ | ၄၁ | ၁၄ | ၁၁,၀၁၄ |
| ကျေးလက် | ၆၈,၇၃၄ | ၄၂ | ၁၉၁ | ၁,၃၇၁ | ၃၉၅ | ၄၃၃ | ၅ | ၂၂ | ၂၁,၁၆၃ |
| ကျား | ၅၅,၂၂၇ | ၆၄ | ၂၇၅ | ၇၃၉ | ၈၁၃ | ၅၀၈ | ၂၄ | ၁၁ | ၁၅,၈၈၈ |
| မ | ၆၁,၆၄၁ | ၈၃ | ၁၉၄ | ၁,၀၂၈ | ၁၅၃ | ၆၅၅ | ၂၂ | ၂၅ | ၁၆,၂၈၉ |



ပုံ (၁၂) - ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ

- ပျဉ်းမနားမြို့နယ်တွင် အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ (၇၆.၁) ရာခိုင်နှုန်းသည် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူများဖြစ်ပြီး၊ (၂၀.၉) ရာခိုင်နှုန်းသည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၂၁.၆) ရာခိုင်နှုန်းနှင့် မ ဦးရေ (၂၀.၃) ရာခိုင်နှုန်း တို့သည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (စ) မသန်စွမ်းမှုအကြောင်းအရာ

### ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| စုစုပေါင်း | ၁၈၇,၅၆၅ | ၁၇၉,၄၃၃ | ၈,၁၃၂ | ၄.၃ | ၄,၅၀၂ | ၂,၁၂၉ | ၃,၂၄၂ | ၂,၃၈၃ |
| ၀ - ၄ | ၁၆,၀၉၇ | ၁၅,၇၆၈ | ၃၂၉ | ၂.၀ | ၄၀ | ၄၃ | ၂၂၂ | ၂၄၀ |
| ၅ - ၉ | ၁၇,၈၂၉ | ၁၇,၆၅၄ | ၁၇၅ | ၁.၀ | ၂၈ | ၄၄ | ၆၉ | ၁၀၂ |
| ၁၀ - ၁၄ | ၁၈,၂၆၉ | ၁၈,၀၃၆ | ၂၃၃ | ၁.၃ | ၄၈ | ၅၅ | ၉၂ | ၁၂၂ |
| ၁၅ - ၁၉ | ၁၇,၅၀၇ | ၁၇,၃၀၃ | ၂၀၄ | ၁.၂ | ၅၂ | ၅၅ | ၆၀ | ၉၁ |
| ၂၀ - ၂၄ | ၁၈,၁၀၃ | ၁၇,၉၂၂ | ၁၈၁ | ၁.၀ | ၄၇ | ၃၅ | ၇၄ | ၇၅ |
| ၂၅ - ၂၉ | ၁၇,၆၉၃ | ၁၇,၄၇၃ | ၂၂၀ | ၁.၂ | ၇၂ | ၄၁ | ၇၉ | ၆၉ |
| ၃၀ - ၃၄ | ၁၆,၀၇၀ | ၁၅,၈၀၄ | ၂၆၆ | ၁.၇ | ၇၈ | ၆၁ | ၉၂ | ၆၈ |
| ၃၅ - ၃၉ | ၁၃,၀၈၈ | ၁၂,၈၀၇ | ၂၈၁ | ၂.၁ | ၁၀၃ | ၆၇ | ၁၀၂ | ၈၁ |
| ၄၀ - ၄၄ | ၁၁,၄၄၉ | ၁၀,၉၇၆ | ၄၇၃ | ၄.၁ | ၂၇၉ | ၈၁ | ၁၁၅ | ၈၄ |
| ၄၅ - ၄၉ | ၁၀,၄၃၄ | ၉,၇၉၂ | ၆၄၂ | ၆.၂ | ၄၁၅ | ၈၃ | ၁၅၃ | ၁၀၈ |
| ၅၀ - ၅၄ | ၈,၇၄၄ | ၇,၉၃၆ | ၈၀၈ | ၉.၂ | ၅၇၄ | ၁၃၇ | ၂၀၀ | ၁၄၅ |
